# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၂၇/၈၉)

၁၃၅၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
(၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေတွင်-

(က) ပုဒ်မ ၂၀ တွင်ပါရှိသော ''ကျပ်တစ်ရာထိ ငွေဒဏ်'' ဆိုသည့်စကားရပ်ကို ''ငွေဒဏ် အနည်းဆုံး ကျပ်တစ်ရာမှ အများဆုံး ကျပ်တစ်ထောင်အထိ''ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ''သုံးနှစ်အတွင်း'' ဆိုသည့်စကားရပ်ကို ''တစ်နှစ်အတွင်း'' ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း ''ကျပ်ငါးဆယ်အောက် မနည်း၊ ကျပ်နှစ်ရာထက်မပိုသောငွေဒဏ်'' ဆိုသည့် စကားရပ်ကို ''ငွေဒဏ်အနည်းဆုံးကျပ်နှစ်ရာမှ အများဆုံးငွေကျပ်တစ်ထောင်ငါးရာအထိ'' ဆိုသည့်စကားရပ်များဖြင့်လည်းကောင်း အစားထိုးရမည်။

(ခ) ပုဒ်မ ၂၁ တွင် ပါရှိသော ''သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ'' ဆိုသည့် စကားရပ်ကို ''ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ'' ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ''သုံးနှစ်အတွင်း'' ဆိုသည့် စကားရပ်ကို ''တစ်နှစ်အတွင်း'' ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ''ခြောက်လအထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာအောက်မနည်း ကျပ်တစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ'' ဆိုသည့်စကားရပ်ကို ''တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်ငါးရာမှ အများဆုံး ကျပ်တစ်ထောင့်ငါးရာအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ'' ဆိုသသည့် စကားရပ်ဖြင့်လည်ကောင်း အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၂ တွင်ပါရှိသော ''ကျပ်နှစ်ရာအထိ ငွေဒဏ်'' ဆိုသည့် စကားရပ်ကို ''ငွေဒဏ် အနည်းဆုံး ကျပ်နှစ်ရာမှ အများဆုံး ကျပ်တစ်ထောင့်ငါးရာအထိ'' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။